စိတ်ကူးချိုချိုအနုပညာ .com

# 7 Habits Kids



# ကလေးတွေကို ပျော်ရွှင်စွာသင်ကြားပေးထားတဲ့ အလေ့အကျင့်ကောင်းလေးများ

(ရုပ်စုံဇာတ်လမ်းများဖြင့် စိတ်ဝင်စားဖွယ်တင်ဆက်ထားသည်)

မမကြီး-မြန်မာပြန်






MMG0043
2,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မိုးဒိုင်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်ဒီ၊ စာအုပ်တိုက်စက်မှုပိုင်
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈

ကလေးတွေကိုပျော်ရွှင်စွာသင်ကြားပေးထားတဲ့အလေ့အကျင့်ကောင်းလေးများ
မမကြီး။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၉၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ကလေးတွေကိုပျော်ရွှင်စွာသင်ကြားပေးထားတဲ့
အလေ့အကျင့်ကောင်းလေးများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကလေးတွေကို ပျော်ရွှင်စွာသင်ကြားပေးထားတဲ့ အလေ့အကျင့်ကောင်းလေးများ

(ရုပ်စုံဇာတ်လမ်းများဖြင့်တင်ဆက်သည်။)

မမကြီး
မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com





# ဒီခေါင်းစဉ်တွေနဲ့ ပြောပြထားတယ်


မိဘများနှင့် ဆရာများသို့ ၆

ဝက်သစ်ချမြိုင်မှ ကလေးငယ်များ ၈

၁။ ဖိုးနီ၏ ဝါသနာ ၁၁

(လိုချင်သည့်အခြေအနေကို ဖန်တီးယူပါ)

၂။ ဖိုးဝံနှင့် ပိုးမွှားဖမ်းကိရိယာ ၂၃

(အဆုံးကို အရင်စတွေးပါ)

၃။ မောင်ဖြူနှင့် စာလုံးပေါင်းသတ်ပုံစာမေးပွဲ ၃၃

(အရေးကြီးတာကို အရင်လုပ်)

၄။ ရွှေကြာနှင့် သူ၏ဥယျာဉ်ကလေး ၄၃

(နှစ်ဖက်စလုံးအကျိုးရှိမည့် အခြေအနေကို စဉ်းစားပါ)

၅။ လိပ်ပြာဖမ်းပိုက်ကွန်ရှာပုံတော် ၅၅

(သူများကို အရင်နားလည်နိုင်ပါစေ၊ ပြီးမှ
ကိုယ့်ကို နားလည်အောင် လုပ်ပါ)

၆။ ဘောလုံးပွဲ ၆၅


(စုပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်ယူပါ)


၇။ မိဝါအတွက် ဘဝနေနည်း ၇၉


(သန့်စွမ်းထက်မြက်မှုရှိပါစေ)

အလေ့အကျင့်(၇)ချက်ပြ သစ်ပင်ပုံ ၉၀







W ကြိုဆိုပါ၏ 7 ဝက်သစ်ချမြိုင်
တောင်တန်းပြာ
မူလတန်းကျောင်း
ဝက်သစ်ချမြိုင်
အမှိုက်ပုံ
အရုပ်ဆိုင်
MARKET
ဝက်သစ်ချမြိုင်ရွာ
ရွာဖျားသို့
ဖိုးနီနှင့်
မိဝါတို့အိ
ဒေါ်လာရုပ်ရှင်ရုံ
N
W
E
S
mgyoe.com


mgyoe.com
မိုးထိမြင့်မား တောင်ထွတ်များ
ရေတံခွန်
မိုးဝံ၏လိုဏ်ဂူ
ထိပ်ချွန်တောင်
ဦးလေးပုရစ်၏
ပန်းခြံ
ခုန်ဆွ၏
ကျင်းအိမ်
မောင်ဖြူ့အိမ်
ချောင်းကူးတံတား
ချောင်းစွယ်ကလေး
ရွှေကြာ၏
သစ်ပင်
မြက်ခင်းပြင်
တောအုပ်
ဒေါ်ဇီးကွက်၏
ဥယျာဉ်
ပန်းနု၏အိမ်
ရွှေကြာ၏အိမ်

## မိဘများနှင့် ဆရာများသို့ မှာကြားချက်

ကျွန်တော်တို့တွင် လူကြီးများအနေဖြင့် သဘောထားကွဲလွဲစရာ အကြောင်းအရာ အများအပြားရှိကြပါသည်။ သို့သော်လည်း တူညီသော အချက်တစ်ချက်တော့ ရှိပါသည်။ ယင်းမှာ သားသမီးများအတွက် ချစ်ခြင်း မေတ္တာပင် ဖြစ်ပါသည်။ ဤစာအုပ်ကိုရေးနေချိန်၌ ကျွန်တော့်တွင် သားသမီးသုံးယောက် ရှိနေပါပြီ။ သုံးယောက်မှာ အသက်ဆယ်နှစ်မကျော်သေးပါ။ ၎င်းတို့မှာ နေသန်(၈ နှစ်)၊ ဝက်စ်တန်(၅ နှစ်)နှင့် အယ်လီ (၃ နှစ်)တို့ ဖြစ်ကြသည်။ ကလေးတွေက လိမ္မာကြပါသည်။ နေသန်၏ တရစပ် နောက်ပြောင်ကျီစယ်မှုများနှင့် အယ်လီ၏ စိတ်မထင်လျှင်မထင်သလို ဝုန်းဒိုင်းကြဲဒေါသကြီးမှုတို့အပေါ်၌ စိတ်ပျက်မိတာကိုတော့ ကျွန်တော် ဝန်ခံပါသည်။ ဝက်စ်တန်တစ်ယောက် ချုပ်စက်ကိုသုံး၍ အိမ်ခန်းနံရံများကို ချုပ်စက်နှင့် လိုက်ချုပ်သည့်အခါတွင်လည်း ကျွန်တော့်မှာ အလန့်တကြားဖြစ်ရပြန်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ သူတို့အားလုံးကို ကျွန်တော် အရမ်းချစ်ပါသည်။ သူတို့သိပုံ၊ တတ်ပုံလေးတွေကလည်း ကျွန်တော့်ကို အံ့အားတသင့် ဖြစ်စေပါသည်။

မကြာမီနှစ်များအတွင်းက (7 Habits of Highly Effective Teens) ဆိုသော စာအုပ်တစ်အုပ်ကို ကျွန်တော် ရေးသားခဲ့ဖူးပါသည်။ ဆယ်ကျော်သက်များအတွက် အထူးရည်ရွယ်ရေးသားထားသည့် စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ကို ကျွန်တော်ရေးသားစဉ်အခါက အကြောင်းအရာအပေါ် ဆယ်ကျော်သက်များ နားလည်နိုင်အောင် ကျွန်တော် အားထုတ်နိုင်ပါ့မလားဟု စိုးရိမ်ခဲ့မိပါသည်။ သို့သော်လည်း ကျွန်တော့်ဘက်မှ အထူးတလည် အားမထုတ်လိုက်ရဘဲ သူတို့ နားလည်သဘောပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို၍အံ့အားသင့်စရာကောင်းသည်မှာ ကမ္ဘာတစ်ဝန်းမှ မူလတန်းကျောင်းများစွာ၌ အဆိုပါ(7 Habits)ကို သင်ရိုးတွင် ထည့်သွင်းသင်ကြားပြီး အောင်မြင်မှုရရှိနေခြင်းပင်ဖြစ်ပါသည်။ ကလေးသူငယ်များအဖို့ (7 Habits) တွင်ပါဝင်သော သဘာဝဥပဒေသများကို ဤမျှလျင်မြန်စွာ ဆွဲယူအသုံးချနိုင်လိမ့်မည်ဟု မည်သူကများ မှန်းဆမိပါလိမ့်။ ဒီတစ်ခါလည်း ကျွန်တော် လျှော့တွက်မိပြန်သည်။

ထို့ကြောင့် ဆိုင်မွန်နှင့်ရှက်စတာတို့က (7 Habits)ကို အခြေပြုသည့် ကလေးသူငယ်များဖတ်ရန် စာအုပ်တစ်အုပ်ရေးသားရန် ကျွန်တော့်အား အကြံပေးကြသည့်အခါ ကျွန်တော် ဝမ်းမြောက်မိပါသည်။

ဤစာအုပ်က ကလေးများကို နည်းလမ်းသုံးသွယ်ဖြင့် အကူအညီဖြစ်စေမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ပထမဦးစွာ တာဝန်နှင့်ဝတ္တရား၊ ကြိုတင်ပြင်ဆင်မှု၊ သူတစ်ပါးအပေါ် လေးစားသမှုထားခြင်း၊ အသင်းအဖွဲ့ဆောင်ရွက်မှုနှင့် ညီညွတ်မျှတမှုတို့ကဲ့သို့ စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်ခြင်းကို ၎င်းတို့အား သင်ကြားပေးပါလိမ့်မည်။ စည်းမျဉ်းများသည် ကမ္ဘာမြေထု၏ ဆွဲငင်အားနှင့်တူပါသည်။ ၎င်းတို့သည် တည်မြဲခိုင်မာသည်။ အများလက်ခံပြီး ရှင်းလင်းထင်ရှားမှုလည်းရှိသည်။ အခါများစွာ တို့ထက် ယနေ့ ယခုအချိန်အခါ၌ ပိုလိုအပ်သည်။

ဒုတိယအနေဖြင့် ဤစာအုပ်က ၎င်းတို့ကို မိဘများ၊ ဆရာများနှင့် ဘုံဘာသာစကားတစ်ခုကို အတူအသုံးပြုနိုင်အောင် ပြင်ဆင်ပေးသည်။ ဥပမာ "ကျွန်တော်ကတော့ ဦးစားပေးအတိုင်း(first things first) လုပ်ဖို့လိုတယ်"၊ "နှစ်ဖက်စလုံး အရှုံးမရှိတဲ့အခြေအနေ(win-win situation)ကို ရှာကြစို့လား" စသဖြင့် ပြောဆိုသုံးစွဲနိုင်လာပြီး အားလုံးကလည်း ယင်းအဓိပ္ပာယ်ကို အသေအချာ နားလည်နိုင်ပါလိမ့်မည်။

တတိယအချက်မှာ စာအုပ်ထဲ၌ ပါဝင်သော ဇာတ်ကောင်များ၏ စရိုက်လက္ခဏာအသီးသီးတွင် ကလေးတို့သည် မိမိကိုယ်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် ရှာဖွေမိမည်ဖြစ်ပြီး ရလဒ်အနေဖြင့် ကလေးများသည် ၎င်းတို့၏ဘဝတွင် အလေ့အကျင့်(၇)ခုကို အသုံးချနိုင်မည်ဖြစ်သည်။

ဤစာအုပ်ကို သင်ဖတ်ကြည့်သည့်အခါ ပုံပြင်ဇာတ်လမ်းတစ်ခုစီသည် အလေ့အကျင့်တစ်ခုကို သရုပ်ဖော်ထားခြင်းဖြစ်ကြောင်း သင်တွေ့ရပါမည်။ ပုံပြင်တစ်ပုဒ်စီ၏အဆုံးတွင် မိဘများနှင့်ဆရာများဖတ်ရန် (Parents' Corner) မှတ်စုထုတ်ပေးထားပါသည်။ ပုံပြင်တွင်ပါဝင်သော အလေ့အကျင့်ကို မည်သို့ပုံဖော်ဆောင်ရွက်နိုင်မည်ကို အကြံပြုပေးထားခြင်းဖြစ်သည်။ ကလေးများနှင့်အတူ ပြောဆိုဆွေးနွေးရန် မေးခွန်းများ၊ အလေ့အကျင့်များကို စတင်နိုင်ရန် ၎င်းတို့အတွက် လုပ်ဆောင်စရာ အဆင့်ဆင့်တို့လည်း ပါဝင်ပါသည်။ www.7HabitsKids.com တွင်ဝင်ရောက်ကြည့်ရှုရန်လည်း တိုက်တွန်းလိုပါသည်။ ၎င်း websites တွင် ကလေးငယ်များအတွက် ပျော်ရွှင်စရာ ပဟေဠိများ၊ ကစားနည်းများ၊ ပုံပြင်များ ပါဝင်ပါသည်။

ကလေးများအားလုံး ပျော်ရွှင်ကြပါစေ
ဆုမွန်ကောင်းများဖြင့်
ရှောင်ကိုဗေး(Sean Covey)

mgyoe.com

# ဝက်သစ်ချမြိုင်မှ

## ၁။ ဖိုးဝံ



ဖိုးဝံက ဝက်ဝံကလေးဖြစ်သည်။ ဝက်သစ်ချမြိုင်တွင် လူကောင်အကြီးဆုံးကလေးဖြစ်သည်။ သူက ခင်မင်ဖော်ရွေတတ်သည်။ သူက သွားလာလှုပ်ရှားနေရသည်ကိုလည်း သဘောကျသည်။ ပိုးကောင်မွှားကောင်များကို လည်း စိတ်ဝင်စားပြီး ပုရွက်ဆိတ်မှာ သူအနှစ်သက်ဆုံး ပိုးမွှားအမျိုးအစား ဖြစ်သည်။

## ၂။ ခုန်ဆွ



ယုန်ကလေးခုန်ဆွက ကစားခုန်စားရသည်ကို နှစ်သက်သည်။ သူက ဘောလုံး၊ တင်းနစ်၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘော၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းနှင့် ပြေးခုန်ခြင်းတို့ကို အထူးနှစ်သက်သည်။ အားကစားဖိနပ်များ ဝတ်ဆင်ရသည်ကို လည်း သဘောကျပြီး ဖိနပ်အမျိုးအစားမျိုးစုံကိုလည်း ပိုင်ဆိုင်ထားသည်။

## ၃။ ရွှေကြာ



ရွှေကြာက ပါးနပ်လိမ္မာသော ဖျံမလေးဖြစ်သည်။ သူမက ပန်းချီဆွဲရသည်ကို ဝါသနာပါသည်။ သူမ၏အချိန်အများစုကို ပုံဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်းတို့ဖြင့် အချိန်ကုန်လွန်လေ့ရှိသည်။ သူမ၏မောင်လေး ဖျံညိုကိုလည်း အရမ်းချစ်ပါသည်။

## ၄။ ဖိုးနီ



ရှဉ့်ကလေးဖိုးနီက ကိရိယာတန်ဆာပလာများ၊ စက်ပစ္စည်းများကို ပြင်ဆင်တပ်ဆင်ရတာ ဝါသနာပါသည်။ သူ့လက်ထဲတွင် ကိရိယာပစ္စည်းများကို တစ်ခုမဟုတ်တစ်ခု ကိုင်လျက်တွေ့ရတတ်သည်။ ဖိုးနီက သူ၏ အမြွှာအစ်မ မိဝါနှင့်အတူ သစ်ပင်ပေါ်ရှိ အိမ်တစ်လုံးတွင် နေထိုင်သည်။

mgyoe.com

# ကလေးငယ်များ

## ၃။ မိဝါ



မိဝါက ဖိုးနီ၏ အမွှာအစ်မဖြစ်သည်။ ကမ္ဘာပေါ်တွင် သူမအနှစ်သက်ဆုံးအလုပ်မှာ စာဖတ်ခြင်းဖြစ်သည်။ သူမက သင်္ချာဘာသာရပ်ကိုလည်း စိတ်ဝင်စားသည်။ တစ်ခါတစ်ရံ၌ သူမက စကားကြီးစကားကျယ်များ ပြောတတ်ပြီး အဓိပ္ပာယ်ကို သူငယ်ချင်းများအား ပြန်ရှင်းပြရတတ်သည်။

## ၄။ မောင်ဖြူ



မောင်ဖြူက ဖြူကောင်လေးဖြစ်ပြီး သူစိတ်လှုပ်ရှားသော အခါ၌ ဆူးတောင်များ ထောင်လာလေ့ရှိသည်။ သူ ဝမ်းနည်းနေသောအခါ၌ ဆူးများမှာ အောက်သို့စိုက်ကျနေသည်။ မောင်ဖြူက အပျင်းကြီးသူဖြစ်သည်။ သူက သူ၏အဝတ်ပုခက်ထဲတွင် တစ်နေ့လုံး လဲလျောင်းနေပြီး ဘာဂျာမှုတ်နေတတ်သည်။

## ၅။ ပန်းနု




ပန်းနုက ကြွက်မလေးဖြစ်သည်။ သူမက သူများနောက်က တကောက်ကောက် လိုက်နေတတ်သည်။ အထူးသဖြင့် ဖျံမလေးရွှေကြာက သူမ၏အခင်ဆုံး သူငယ်ချင်းဖြစ်သဖြင့် တပူးတွဲတွဲရှိနေတတ်သည်။ ပန်းနုက သူမ၏ဖွားဖွားနှင့် အတူနေပြီး ဖွားဖွား၏ဖိနပ်များနှင့် လက်ဝတ်ရတနာများကို ယူ၍ ဝတ်ဆင်လေ့ရှိသည်။ ဤသို့ ဝတ်ရသည်ကိုလည်း သူမက နှစ်ခြိုက်သဘောကျသည်။

## ၆။ ဝမ်းဝမ်း

ဝမ်းဝမ်းမှာ တီကောင်လေးဖြစ်ပြီး ရှက်တတ်သည်။ ထို့ကြောင့် သင် သူ့ကို တွေ့အောင်ရှာရန် လိုသည်။



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# (၁)
# ဖိုးနီ၏ ဝါသနာ

ရှဉ့်ကလေးဖိုးနီသည် အလွန်ပျင်းရိပြီးငွေ့နေသည်။ သူက သူ့မေမေကို ပြောလိုက်သည်။

"မေမေ၊ သား ပျင်းလိုက်တာ၊ လုပ်စရာလည်း ဘာမှမရှိဘူး"

သူ့မေမေကလည်း ဖိုးနီကို ပြန်မေးသည်။

"သားစုထားတဲ့ ပစ္စည်းတွေရော၊ အရုပ်ကျိုးအရုပ်ပဲ့တွေ၊ ရေဒီယိုတွေ၊ ဆဲလ်ဖုန်းတွေလေ ... သားက အဲဒါတွေနဲ့ ကစားရတာ သဘောကျတာပဲ မဟုတ်လား"

"ဒါပေမဲ့ သား ဒီနေ့ အဲဒါတွေနဲ့ မကစားချင်ဘူး မေမေ ...၊ မိဝါဆီကိုသွားပြီး ပျော်စရာကောင်းတာ တစ်ခုခုလုပ်ဖို့ အဖော်ညှိလိုက်ဦးမယ် ..."

ဖိုးနီက မိဝါ၏အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

အထဲမှ ပြန်ဖြေသံကို မကြားရပါ။




mgyoe.com

“မိဝါ စာကြည့်တိုက်ကို သွားတယ်၊ အရင်တစ်ပတ်က ငှားထားတဲ့စာအုပ်တွေကို ပြန်သွားအပ်တာ၊ ပြန်လာရင်လည်း ဖတ်ဖို့စာအုပ်တွေ အများကြီးပါလာနိုင်တယ် ...” ဟု မေမေက ဖိုးနီကိုပြောပြသည်။ ဖိုးနီက

“သူကတော့ ပျင်းမှာမဟုတ်ပါဘူး ...” ဟု ပြန်ပြောလိုက်သည်။

“သားလည်း ပျင်းနေစရာမလိုပါဘူး ...၊ မောင်ဖြူ့ဆီကိုသွားပြီး ကစားမလားလို့ မေးကြည့်ပေါ့ သားရဲ့”

သို့နှင့်ပင် ဖိုးနီက မောင်ဖြူ၏အိမ်သို့ ထွက်လာခဲ့သည်။ မောင်ဖြူက သူ၏ အဝတ်ပုခက်ထဲတွင် လှဲနေသည်။

“ဟေ့ ... မောင်ဖြူ ... ဘာလုပ်နေတာလဲ”

“ဘာကိုလဲ ...၊ ငါ အခု ပုခက်ထဲမှာ လှဲနေတာလေကွာ ...”



“ငါ ပျင်းလို့ပါကွာ၊ ငါ့အတွက် ပျော်စရာကောင်းတာတစ်ခုခုလုပ်နိုင်အောင် မင်း စဉ်းစားပေးလို့ မရဘူးလား”

“သိပ်ရတာပေါ့ ...၊ ဒီမှာ ငါ့ပုခက်ထဲကို လာလှဲနေလေ ...”

“ဟာ ... အဲဒါက ပိုတောင်ပျင်းစရာကောင်းသေးတယ်”

“ငါကတော့ အဲဒီလိုမထင်ပါဘူး၊ ဒီဆိုလိုရင် မင်း ရွှေကြာ့ဆီကိုသွားကြည့်ပေါ့ကွ ...”

ဖိုးနီလည်း ရွှေကြာ၏အိမ်သို့ ထွက်လာခဲ့သည်။ ရွှေကြာက သူမ၏ ကစားခန်းထဲတွင် ပုံတစ်ပုံကို

ဆေးခြယ်နေသည်။ ဖိုးနီက ရွှေကြာ့ကို နှုတ်ဆက်လိုက်သည်။

“ဟေး ... ရွှေကြာ၊ ငါ ပျင်းလွန်းလို့ အပျင်းပြေအောင် လုပ်စရာတစ်ခုခုများ နင် ငါ့အတွက် စဉ်းစားပေးနိုင်မလား”

“ဒီကိုလာကြည့် ... ငါ့ကို ပုံကူဆွဲပေးလေ၊ ပြီးရင် စာရွက်အနီတွေထဲကနေ ပေါင်ခတ်ဖို့ လုပ်ရင်လုပ်၊ ဒါမှမဟုတ် ငါ့ရဲ့အမြီးကို ဆေးခြယ်ပေးရင်ပေးလေ ...”

ရွှေကြာ့အဖြေကို ဖိုးနီက -


“အာ ငါ ပုံမဆွဲချင်ပါဘူး၊ တခြားဟာတစ်ခုခု နင် မစဉ်းစားတတ်ဘူးလား” ဟု ပြန်မေးလိုက်သည်။

ရွှေကြာကလည်း -

“ဟင့်အင်း ... ငါက ပုံဆွဲရတာပဲ သဘောကျတယ်၊ နင် ဖိုးဝံဆီကို သွားကြည့်ပါလား” ဟု ပြောလိုက်သည်။

ဖိုးနီက ဖိုးဝံ၏အိမ်သို့ ထွက်လာခဲ့သည်။ ဖိုးဝံက မှန်ဘီလူးတစ်လက်ကို ကိုင်ပြီး မြက်ခင်းထဲမှ တစ်စုံတစ်ခုကို ကြည့်နေသည်။

“ဖိုးဝံရေ ... ဘာလုပ်နေတာလဲကွ” ဟု ဖိုးနီက မေးလိုက်သည်။ ဖိုးဝံက -



mgyoe.com



“ပုရွက်ဆိတ်တွေ ... ငါ ပုရွက်ဆိတ်တွေကို ကြည့်နေတာ ...” ဟု ပြန်ဖြေသည်။

ဖိုးဝံက ဖိုးနီကို သူ့ဘေးနားမှာ ဝင်ထိုင်နိုင်းလိုက်သည်။ သူက မှန်ဘီလူးကို လက်နှင့်ညှပ် ထားလိုက်ပြီး ဖိုးနီဘက်ကို လှည့်ပြောသည်။

“ဒီမှာ ရှေ့ကိုကုန်းကြည့် ... မင်း အများကြီးတွေ့လိမ့်မယ် ...၊ အရမ်းမိုက်တာပဲ ...”

ဖိုးနီက မှန်ဘီလူးမှတစ်ဆင့် ကြည့်လိုက်သည်။

“အေး .... တွေ့တယ်၊ ဒါပေမဲ့ ငါမှ ပုရွက်ဆိတ်တွေကို မကြည့်ချင်တာ ...၊ တခြားပျော်စရာ ကောင်းမယ့်ဟာတစ်ခုခု မင်း ငါ့အတွက် စဉ်းစားပေးပါလား”

ဖိုးဝံက ပြန်ဖြေသည်။

“ဟင့်အင်း ...၊ ငါ အခု ပုရွက်ဆိတ်တွေကို စိတ်ဝင်စားနေတယ်၊ မင်း ခုန်ဆွဲဆီကို သွားပါ လားကွ”

ဖိုးနီက ခုန်ဆွဲရှိရာသို့ ထွက်လာခဲ့ပြန်သည်။

ခုန်ဆွဲက အိမ်အဝင်လမ်းတွင် ဘတ်စကက် ဘောလုံးကို ခြင်းထဲသို့ ပစ်သွင်းနေသည်။ သူက ဘောလုံးကို ဖိုးနီရှိရာ သို့ပုတ်ပြီးပို့လိုက်ရင်း မေးသည်။

“ပါမလားကွ ...”





m-gyoe.com

ဖိုးနီက ပြန်ဖြေသည်။

"ဟင့်အင်း ..... ငါ ဘတ်စကက်ဘော မကစားချင်ပါဘူး၊ ပျော်စရာကောင်းမယ့်ဟာတစ်ခုခု ဘာရှိသေးလဲ"

"ဒီမှာကြည့် ငါက ယုန်ကွ" ဟု ဆိုပြီး ခုန်ဆွက ဘောလုံးကို ခြင်းထဲသို့ ခုန်ထည့်လိုက်လေသည်။

ဖိုးနီ သက်ပြင်းချလိုက်သည်။ မည်သူမှ ပျော်စရာစိတ်ကူးရှိကြပုံမပေါ်။

သူ ပန်းနနှင့် သွားကစားလျှင်တော့ ဖြစ်နိုင်မည်ထင်သည်။ ထို့ကြောင့် သူ ပန်းန၏အိမ်သို့ ထွက်လာခဲ့သည်။

ပန်းန၏ဖွားဖွားက အိမ်ရှေ့ဆင်ဝင်ကို ဆေးသုတ်နေသည်။ ဖိုးနီက နှုတ်ဆက်လိုက်သည်။

"ဖွားဖွား ... ပန်းနရှိပါသလား"

"လည်ချောင်းနာလို့ အိပ်ရာထဲမှာ လှဲနေတယ်ကွဲ့" ဟု ဖွားဖွားက ပြန်ဖြေလိုက်သည်။

"ဟာ ..." ဖိုးနီက အလိုမကျသလို ရေရွတ်လိုက်ပြီးမှ -

"သား ... ပျင်းလို့ပါ၊ သားနဲ့အတူ ကစားပါလား"

ပန်းနရဲ့ဖွားဖွားက ရယ်မောလိုက်ပြီး -

"ကစားလို့မဖြစ်ဘူး ဖိုးနီရေ၊ ဖွားဖွား အလုပ်များနေတယ်ကွဲ့" ဟု ပြန်ဖြေလိုက်သည်။


"ဘယ်သူမှလည်း ကျွန်တော့်ကို ပျော်အောင် မကူညီကြဘူး၊ ကျွန်တော် အရမ်းပျင်းနေပြီ"

ဖိုးနီက စောဒကတက်လိုက်သည်။

"အဲဒါ သားရဲ့အမှားမဟုတ်ဘူးလားကွဲ့၊ ပျော်ရွှင်မှုဆိုတာ သားနဲ့ပဲဆိုင်တာ ...၊



mgyoe.com



mgyoe.com


mgyoe.com

တခြားလူတွေနဲ့ မဆိုင်ဘူးမဟုတ်လား” ဟု ဖွားဖွားက ပြောလိုက်သည်။

“အဲဒါ ဘာအဓိပ္ပာယ်လဲ”

“ဘာအဓိပ္ပာယ်လဲဆိုတော့ သားရဲ့ပျော်ရွှင်မှုကို သားပဲဖန်တီးရမှာလေ ...၊ အခြားသူတွေမလိုပါဘူး၊ ဘေးပတ်ဝန်းကျင်ကိုကြည့်ပြီး စဉ်းစားကြည့် ...၊ ပျော်စရာကောင်းတာတစ်ခုခုကိုလုပ်ဖို့ သား ရှာတွေ့မှာပါ”

ဖိုးနီက ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်၊ သူ တိမ်တွေကို တွေ့သည်၊ သစ်ပင်တွေကို တွေ့သည်၊ အိမ်ရှေ့တွင် တန်းစီ၍ထောင်ထားသော အမှိုက်ပုံးသုံးပုံးကို တွေ့သည်၊ အမှိုက်ပုံးတစ်ခု၏အပေါ်တွင် ဝိုင်ယာကြိုးတွေ ထိုးထိုးထောင်ထောင် ထွက်နေသော ရေဒီယို အဟောင်းတစ်လုံးကို သူ တွေ့ရသည်၊ ရုတ်တရက်ပင် ဖိုးနီ၏ခေါင်းထဲတွင် အလင်းရောင်တစ်ခု ဖြတ်ပြေးသွားသည်။


သူက ပန်းနု၏ဖွားဖွားကို မေးသည်၊

“အဲဒီ ရေဒီယိုအဟောင်းကို ဖွားဖွား လိုချင်သေးလားဟင်”

“ဟင့်အင်း ...၊ အဲဒါက ပျက်နေပြီ၊ ဒါကြောင့် ဖွားဖွား လွှင့်ပစ်ထားတာ”

“ဒါဆို သားယူလို့ရမလားဟင် ...၊ ရေဒီယိုတွေကို သား အရမ်းသဘောကျတယ်”


mgyoe.com


MOON

"ဘာလို့ မရရမှာလဲ ... ယူသွား .... ယူသွား"

ပန်းနု၏ဖွားဖွားက ခွင့်ပြုလိုက်သည်။

ဖိုးနီက ရေဒီယိုကို ကောက်ယူပြီး အိမ်ကိုပြန်သယ်လာခဲ့သည်။ ထို့နောက် သူ့အခန်းကြမ်းပြင်ပေါ်သို့ ချထားလိုက်သည်။ ပြီးလျှင် သူက အလုပ်စသည်။ ရေဒီယို ပြန်ကောင်းလာစေရန်အတွက် နှစ်နာရီ၊ သုံးနာရီခန့်ကြာသည်။ သို့သော် နေ့လည်စာစားချိန်ရောက်သောအခါ ရေဒီယိုကို ပြင်ပြီးသွားသည်။ သူက ရေဒီယိုကို ဖဲကြိုးများနှင့် ပတ်ချည်လိုက်ပြီး ကြယ်ပုံကလေးများလည်း လိုက်ကပ်လိုက်သည်။ အဲဒီနောက်တွင် သူက ရေဒီယိုကို ပန်းနု၏အိမ်သို့ ပြန်သယ်လာခဲ့သည်။

"ဒါ ဘာပါလိမ့်" ဟု ပန်းနု၏ဖွားဖွားက ဆီးမေးလိုက်သည်။ ဖိုးနီက -

"ပန်းနုအတွက် လက်ဆောင်ပါ ...၊ ပန်းနု နေမကောင်းတုန်းမှာ နားထောင်ဖို့ ရေဒီယိုကို သားပြင်လာပေးတာပါ ...၊ အခု သား ပျင်းမနေတော့ပါဘူး ....၊ သားဘာသာသား ပျော်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ သိသွားပါပြီ" ဟု ပြန်ဖြေပါသည်။

"ကောင်းတယ် ....၊ အထဲကိုဝင်ပြီး ပန်းနုကို ပြရအောင်ဟေ့" ဟု ဖွားဖွားက ပြန်ပြောလိုက်ပါသည်။

ရေဒီယိုကို ပန်းနုမြင်သောအခါ သူမ၏အပြုံးက ဖရဲသီးစိတ်တစ်စိတ်စာလောက် ကျယ်ပါသည်။ သူမက ပြောလိုက်ပါသည်။

"ဖဲကြိုးလေးတွေနဲ့ အရမ်းလှတာပဲ"



mgyoe.com

mgyoe.com

# မိဘများအတွက် (Parents' Corner)

## အလေ့အကျင့်(၁)လိုချင်သည့်အခြေအနေကို ဖန်တီးယူပါ (သင်သာလျှင် အဓိက)

"ဖေဖေ ... ပျင်းလိုက်တာ၊ ဘာမှ လုပ်စရာလည်း မရှိဘူး" ဟူသော ကျွန်တော့်ကလေးတွေ၏ ညည်းညူသံကို ဘယ်နကြိမ်၊ ဘယ်နခါမှန်းပင် မရေတွက်နိုင်အောင် ကြားဖူးပါသည်။ သူတို့၏ ပျင်းရိငြီးငွေ့မှု က ကျွန်တော့်အပြစ်ဖြစ်နေသလိုလိုပင်။ ကျွန်တော်က ဒီလိုမျိုး တုံ့ပြန်လေ့ရှိပါသည်။ "ကဲ ... ဒါဆို မင်းတို့ ဘယ်လိုလုပ်ချင်ကြလဲ" ...။ ဒီမေးခွန်းက အနည်းဆုံး သူတို့၏အနှောင့်အယှက်မှ ခဏတာကင်းလွတ်ခွင့်ရရှိစေသည်။ ကျွန်တော် အဓိကပြောလိုသည်မှာ ကလေးများကို သူတို့၏ပျော်ရွှင်မှု၊ မပျော်ရွှင်မှု၊ သူတို့၏ ပျင်းရိငြီးငွေ့ခြင်းနှင့် တက်ကြွပျော်ရွှင်ခြင်း၊ သူတို့၏ ကိုယ်ပိုင်ဘဝများအတွက် တာဝန်ယူနိုင်အောင် သင်ကြားပေးရန်မှာ အလွန်အရေးကြီးပါသည်။ ယခု နံပါတ်(၁)အလေ့အကျင့်မှာ လိုချင်သည့်အခြေအနေ ကို ဖန်တီးယူရန်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် သင့်ဘဝကိုသင် တာဝန်ယူ၍ ဓားစာခံရှာခြင်းကို ရပ်ရန် ဖြစ်သည်။

ဤပုံပြင်တွင် ဖိုးနီက သူ၏မေမေ၊ သူ၏သူငယ်ချင်းများ၊ သူ့ဘဝအခြေအနေတို့ကို သူ၏ပျင်းရိငြီးငွေ့မှုအတွက် မည်သို့မည်ပုံ အပြစ်ရှာရန် ကြိုးပမ်းကြောင်းကို ကလေးများအား သင် ညွှန်ပြနိုင်ပါသည်။ သူက တစ်စုံတစ်ယောက်အား သူ၏ပြဿနာကို ဖြေရှင်းပေးရန်၊ သူ့ကို ပျော်ရွှင်အောင်ကူညီရန် အလိုရှိသည်။ ပန်းနုဏ်ဖွားဖွားနှင့် စကားပြောပြီးသည့်နောက်၌ သူ၏ ပျော်ရွှင်မှုအတွက် သူသာလျှင် အဓိကဖြစ်သည်ကို သိရှိသွားပြီး ပျော်ရွှင်မှုကိုရရှိအောင် ဖန်တီးလိုက်သည်။



mgyoe.com


## ဆွေးနွေးရန်

၁။ ဖိုးနီသည် အဘယ်ကြောင့် ပျင်းရိငြီးငွေ့နေခဲ့သနည်း။
၂။ ဖိုးနီ ပျင်းရိငြီးငွေ့နေရသည်မှာ မည်သူ၏အပြစ်ကြောင့် ဖြစ်သနည်း။
ပန်းနုလား၊ ရွှေကြာလား၊ ဖိုးဝလား၊ မောင်ဖြူလား၊ ခုန်ဆွလား၊
ဖွားဖွားလား .... သို့မဟုတ် အခြားတစ်ယောက်ယောက်လား။
၃။ ပျော်ရွှင်မှုအကြောင်းနှင့်ပတ်သက်၍ ပန်းနု၏ဖွားဖွားက ဖိုးနီကို
မည်သည့်အရာ သင်ပေးခဲ့သနည်း။
၄။ သင်ရော ပျင်းရိငြီးငွေ့ဖူးပါလား။ ဤသို့ဆိုလျှင် သင် ဘာလုပ်မည်နည်း။
၅။ သင်၏ ရွေးချယ်မှုများအတွက် တာဝန်ရှိသူမှာ မည်သူနည်း။
သင်လား(သို့မဟုတ်) အခြားတစ်ယောက် ယောက်လား။

## ကလေးတို့အတွက်

၁။ နောက်တစ်ကြိမ်တွင် သင်ပျင်းရိငြီးငွေ့လာသောအခါ
တစ်ယောက်ယောက် အတွက် ကောင်းတာတစ်ခုခု လုပ်ပေးပါ။
(ဥပမာ - ဖိုးနီက ပန်းနုအတွက် လုပ်ပေးသလိုမျိုး)
၂။ သင် အမြဲတမ်း နောက်တွန့်ကြောက်ရွံ့သော လုပ်စရာတစ်ခုခုကို ဒီကနေ့
ကြိုးစားလုပ်ဆောင်ကြည့်ပါ။ မိတ်ဆွေအသစ်ဖွဲ့ခြင်း၊ အတန်းထဲမှာ
စာဖြေရန် လက်ထောင်ခြင်း (သို့မဟုတ်) အိမ်သာသန့်ရှင်းပေးခြင်း
စသဖြင့် ....
၃။ နောက်တစ်ကြိမ် သင် စိတ်ဆိုးဒေါသထွက်သည့်အခါ
ကြမ်းတမ်းရိုင်းပြသော စကားကို ဆိုမည့်အစား သင့်လျှာကိုကိုက်ပြီး
မပြောမိအောင် စိတ်ထိန်းပါ။
၄။ သင် အမှားတစ်ခုခုလုပ်မိသောအခါ တစ်စုံတစ်ယောက်က
သင့်ကို တောင်းပန်ရန် မတောင်းဆိုမီ တောင်းပန်စကားပြောပါ။

mgyoe.com



mgyoe.com

mgyoe.com

# (၂)

# ဖိုးဝံနှင့် ပိုးမွှားဖမ်းကိရိယာ

ဝက်ဝံကလေးဖိုးဝံသည် အရုပ်ဆိုင်နံဘေးမှ ဖြတ်၍ လမ်းလျှောက်လာစဉ် ပိုးမွှားဖမ်းသည့် ပစ္စည်းကိရိယာများပါဝင်သော သေတ္တာတစ်လုံးကို ပြတင်းပေါက်မှတစ်ဆင့် တွေ့လိုက်ရသည်။ ၎င်းကို ငွေ (၄) ဒေါ်လာဖြင့် ရောင်းချမည်ဟု ဈေးကပ်ထားသည်။

ဖိုးဝံက "အင်း ... ဒီလိုသေတ္တာမျိုးကို ငါလိုချင်တာ ကြာလှပြီ၊ ဒါပေမဲ့ ငါ့မှာ ငွေ(၄)ဒေါ်လာက မရှိဘူး၊ ငါ အဲဒီပိုက်ဆံကို ရှာရမယ်၊ အစီအစဉ်တစ်ခု ဆွဲဖို့လိုတယ်"

ဖိုးဝံက အိမ်ကို ပြန်ပြီး စာရင်းတစ်ခုကို ချရေးလိုက်သည်။

ဖိုးဝံ၏ ရည်မှန်းချက်

၁။ ပိုက်ဆံစုရန်

၂။ ပိုးမွှားဖမ်းသော ကိရိယာတန်ဆာပလာများ ဝယ်ရန်

၃။ ပန်းနုဏ်မွေးနေ့အတွက် လက်ဆောင်ဝယ်ရန်

၄။ ပျားရည်ဆမ်းထားသော ပီဇာဝယ်စားရန်

၅။ ရုပ်ရှင်သွားကြည့်ရန်




mgyoe.com